## ဝမ္မိကသုတ္တန် နောက်ဆုံးအပိုင်း (၅-၂၆-၂၀၂၂)

## “စဉ်းတီးဆိုတာ ငါးပါးအာရုံ ကာမဂုဏ်”

ဤခန္ဓာ တောင်ပို့ကို တူးဖော်ရာ လိပ်နှင့်တူသော ခန္ဓာငါးပါးကို တွေ့ရှိဖယ်ရှား၍ ဆက်လက်တူးဆွရာ သံလျက် နှင့် စဉ်းတီးတုံးကို တွေ့ရှိရလေ၏။ လောက၌ စဉ်းတီးတုံး ပေါ် အသားကိုထား၍ သားလှီးဓားဖြင့် မွှမ်းကုန်သကဲ့သို့ ဤအတူပင် သတ္တဝါတို့သည် ဝတ္ထုအာရုံ ကာမဂုဏ်အကျိုးငှာ ကိလေသာကာမတို့ဖြင့် လှံ့လပြုကုန်သည်ရှိသော် ဝတ္ထုအာရုံ ကာမဂုဏ်တို့၏အထက်၌ထား၍ ကိလေသာကာမတို့သည် ဖြတ်ကုန်, မွှမ်းကုန်သောကြောင့် မြတ်စွာဘုရားသည် စဉ်းတီးတုံးဟူသည် ဝတ္ထုအာရုံ ကာမဂုဏ်၊ သံလျက်သို့မဟုတ် သားလှီးဓားဟူသည် ကိလေသာကာမကို ဆိုလိုကြောင်း ဟောတော်မူ၏။ ငါးဖြာအာရုံ ကာမဂုဏ်များကို ကိလေသာတို့ဖြင့် သာယာနှစ်သက်နေခြင်းကြောင့် ကိုယ်စိတ်ပင်ပန်းကာ ဆင်းရဲဒုက္ခအမျိုးမျိုးတွေ့နေရသည်ဟု အဓိပ္ပါယ်ရ၏။

## “ကာမဂုဏ်တရား ဥပမာများ”

ကာမဂုဏ်ဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုအရ ငါးဖြာအာရုံကို ဆိုလိုခြင်းဖြစ်ပြီး ကိလေသာအာရုံ၌ ဖွဲ့စည်းတတ်သော တရားငါးပါး ဟု အဓိပ္ပာယ်ရသည်။ ထိုငါးပါးမှာ (၁) ရူပါရုံ - အဆင်းအာရုံ၊ (၂) သဒ္ဒါရုံ - အသံအာရုံ၊ (၃) ဂန္ဓာရုံ - အနံ့အာရုံ၊ (၄) ရသာရုံ - အရသာအာရုံ၊ (၅) ဖောဋ္ဌဗ္ဗာရုံ - အတွေ့အထိအာရုံတို့ ဖြစ်သည်။ ကာမဂုဏ်တရားဥပမာ (၁၀)မျိုးကို လက္ခဏာသံယုတ်၊ နိဒါနဝဂ္ဂသုယုတ္တစသည့် ပါဠိတော်များ၌ ဟောတော်မူ၏။ (၁) အဋ္ဌိကင်္ကလူပမာ ကာမာ - ကာမဂုဏ်တို့သည် အရိုးစုနှင့် တူ၏။ (၂) မံသပေသူပမာ ကာမာ - ကာမဂုဏ်သည် သားတစ်နှင့် တူ၏။ (၃) တိဏုက္ကူပမာ ကာမာ - ကာမဂုဏ်သည် မြက်မီးတုတ်နှင့် တူ၏။ (၄) အင်္ဂါရကာသူပမာ ကာမာ - ကာမဂုဏ်သည် ရှားမီးသွေးရဲရဲနှင့် တူ၏။ (၅) သုပိနကူပမာ ကာမာ - ကာမဂုဏ်သည် အိပ်မက်နှင့် တူ၏။ (၆) ယာစိတကူပမာ ကာမာ - ကာမဂုဏ်သည် အငှားပစ္စည်းနှင့် တူ၏။ (၇) ရုက္ခဖလူပမာ

ကာမာ – ကာမဂုဏ်သည် အသီးပြည့် သစ်ပင်နှင့် တူ၏။ (၈) အသိသူနုပမာ ကာမာ – ကာမဂုဏ်သည် သားသတ်ရုံနှင့် တူ၏။ (၉) သတ္တိသူလူပမာ ကာမာ – ကာမဂုဏ်သည် ဓားသန်လျက်နှင့် တူ၏။ (၁၀) သပ္ပ သိရူပမာ ကာမာ – ကာမဂုဏ်သည် မြွေဦးခေါင်းနှင့် တူ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အသားမကပ်သော အရိုးဖတ်နှင့်တူကုန်၏။ ခွေးငတ်သည် ညှီဟောင်သည့်အနံ့ရှိနေသောကြောင့် ထိုအရိုးကို စွန့်ပစ်၍လည်း မသွားနိုင်ဘဲ အရသာတွေ့ လိမ့်နိုးနိုး ဝလင် တင်းတိမ်လိမ့်နိုးနိုး မြှော်ကိုးချက်ကြီးစွာဖြင့် ထိုအရိုးကို အဖျားကကိုက် အရင်းကကိုက် အလယ်ကဖြတ်ကိုက်နှင့်သာ အရသာကို မတွေ့မီ သေရလေသကဲ့သို့ ထို့အတူ သတ္တဝါအများတို့သည် အရိုးဖတ်သဖွယ်ဖြစ်သော ရွှေငွေဥစ္စာ သားမယားစသော သက်ရှိသက်မဲ့ ဝတ္ထုအာရုံကာမဂုဏ်တို့ကို တရစ်ဝဲဝဲ တစွဲလမ်းလမ်း နေ့ရက်ရှည်ကြာ ခံစားသုံးဆောင်ပါသော်လည်း ဝလင်အားရ တင်းတိမ် ရောင့်ရဲခြင်း မရှိနိုင်ကြပေ။ အရသာတွေ့ လိမ့်နိုးနိုး ချမ်းသာလိမ့်နိုးနိုး မြှော်ကိုးချက် ကြီးစွာဖြင့်သာ နေကြကုန်၏။ ကာမဂုဏ်တို့ကလည်း သတ္တဝါတို့သန္တာန်၌ရှိသော ကာမတဏှာကို ရစ်ပတ်ဆွဲငင်ထားသောကြောင့် မခွဲနိုင်မခွာရက်ဘဲ ကာမဂုဏ်မှ လွတ်ထွက်ရန် နေက္ခမ္မဝိတက်များကို မစဉ်းစားနိုင်ဘဲ သေခြင်းသို့ရောက်ကြရ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် သားတစ်နှင့်တူကုန်၏။ စွန်တကောင်သည် သားတစ်ကို သုတ်ချီ၍ပျံလေရာ ထိုစွန်ကို များစွာသောငှက်တို့သည် လိုက်လံဝိုင်းအုံ ထိုးဆိတ်ကြကုန်၏။ သားတစ်ကို မလွှတ်သမျှ ထိုစွန်သည် များစွာသော ဒုက္ခနှင့်ကြုံရ၏။ ထို့အတူ သားတစ်နှင့်တူသော ဝတ္ထုကာမ အဝဝတို့ကို ငါ့ပစ္စည်း, ငါ့ဥစ္စာဟု တဏှာဖြင့် သိမ်းပိုက်ထားသူသည် ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်လိုသူတည်းဟူသော ရန်သူမျိုး ငါးပါးတို့က အမြဲမကွာ အခွင့်အလမ်းကို ရှာပြီးလျှင် လုယက်ခြင်း–စသော ဘေးတို့နှင့်

တွေ့ကြုံရလေ၏။ အစွမ်းရှိသမျှကာကွယ်ပြန်ကလည်း အဆင်မသင့် အရေးမလှလျှင် အသက်ဆုံးရှုံးခြင်းသို့သော်လည်း ရောက်ရ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် မြက်မီးစည်းနှင့်တူကုန်၏။ မြက်မီးစည်းကို မီးရှို့၍ လက်ဖြင့်ကိုင်သွားသောအခါ အဖျားမှစ၍ အစဉ်အတိုင်းမီးလောင်လေရာ ထိုမြက်မီးစည်းကို မစွန့်ပစ်လျှင် ထိုသူ၏လက်ခြေစသော ကိုယ်အင်္ဂါတို့ကို မီးစွဲလောင်ပြီး သေလေရာ၏၊ မသေလျှင်လည်း သေလုမတတ် ဆင်းရဲဒုက္ခသို့ ရောက်လေရာ၏။ ထို့အတူ ငါ့ပိုင်, ငါ့ဟာ, ငါ့ဥစ္စာဟု တဏှာလက်ဖြင့် သိမ်းပိုက်ပွေ့ယူအပ်သော ဝတ္ထုအာရုံကာမဂုဏ်တို့သည် သိမ်းပိုက်သူအား စိုးရိမ်ပူပန်ရခြင်း, ထိန်းသိမ်းစောင့်ရှောက်ရခြင်းစသော ဆင်းရဲမျိုးစုံ ဒုက္ခမီးတို့ကို တောက်လောင်စေကုန်၏။ တခါတရံ ထိုဝတ္ထုအာရုံကာမဂုဏ်မီးအတွက်ကြောင့်ပင် အသက်သေဆုံးခြင်းတည်းဟူသော မရဏမီးလောင်မြိုက်ခြင်းကိုလည်း ခံရတတ်ကုန်၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် မီးကျီးတွင်းနှင့်တူကုန်၏။ အပေါ်ယံက ပြာဖုံး၍နေသော မီးကျီးတွင်းသည် မီးတောက်ကို မမြင်ရသောကြောင့် မီးမရှိဟုထင်ကာ သက်ဆင်းသူကို လောင်ကျွမ်း၍ သေစေတတ်လေ၏။ ထို့အတူ မြင်, ကြား, နံ, စား, ကိုယ်အတွေ့အားဖြင့် အပြင်ဘန်းက သာယာဖွယ်ယောင်ယောင်ဖြစ်နေသောကြောင့် ပူလောင်သည်ဟူ၍ပင် မထင်ရသော်လည်း မီးကျီးစုအတွင်း မြှုပ်ထားသော ပိန်းဥ, ကန်စွန်းဥ စသော အရာဝတ္ထုတို့ကို လောင်ကျွမ်းမှုမထင်ရှားစေကာမူ လောင်ကျွမ်းမှုမှာ မီးတောက်မီးလျှံထက် ပို၍ ပြင်းထန်သကဲ့သို့ ထို့အတူ ကာမဂုဏ်တည်းဟူသော မီးကျီတွင်းထဲသို့ သက်ဆင်းမြှုပ်နှံခြင်းခံရသော သူတို့သည်လည်း လူသူမျက်မြင် အပြင်ပူ မပူဘဲ အတွင်းပူပူ၍နေကြပြီး ကာမဝိတက်အမျိုးမျိုး, ပစ္စည်းရှာဖွေမှုဒုက္ခအမျိုးမျိုး, သားရေး သမီးရေး စားဝတ်နေရေးတို့ဖြင့် ပူပန်မှု ဒုက္ခအမျိုးမျိုးတို့ဖြင့် လူမသိ သူမသိဘဲ အပူကြီးပူလောင်ကြရကုန်၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အိပ်မက်နှင့်တူကုန်၏။ အိပ်မက်မက်နေစဉ် အဟုတ်အမှန် တကယ်ပင်ဖြစ်၍နေသကဲ့သို့ ထင်ရ၏၊ အိပ်မက်ထဲ၌ သာယာတပ်မက် နှစ်သက်၍မဆုံးမီ ရုတ်တရက်နိုးလာသောအခါ အိပ်မက်ထဲမှာ တွေ့ကြုံခဲ့သမျှသည် ရှာဖွေမရ အချည်းနှီးသာဖြစ်လေ၏။ ထို့အတူ လူနတ်အပေါင်းသည် လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို တဏှာဖြင့် ခံစားနေကြစဉ် ပျော်ရွှင်ဖွယ်ရာ ချမ်းသာသည့်ဟန် မြဲမြံခိုင်ခံ့သည့်ပမာ စိတ်ကထင်မှတ်သာယာလျက် အိပ်မက်မက်နေကြ၏။ သာယာမှု မဆုံးမီ ထိုကာမဂုဏ်တို့ကို စွန့်ခွါ၍ ဘဝတပါးပြောင်းသွား သေလွန်သည်ရှိသော် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ အလုံးစုံပျောက်ကွယ်လေ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ငှားရမ်း၍သုံးဆောင်အပ်သောပစ္စည်းနှင့်တူကုန်၏။ လောက၌ စိန်ကျောက်ရွှေငွေစသောပစ္စည်းများကို ငှားရမ်းသုံးဆောင်ရာ ဥစ္စာရှင်ထံပြန်၍မအပ်ရမီ ကိုယ်ပိုင်ဥစ္စာကဲ့သို့ ဝမ်းမြောက်ရွှင်လန်းစွာ ဆင်မြန်းနေနိုင်သော်လည်း ငှားရမ်းချိန်စေ့၍ဖြစ်စေ, ဥစ္စာရှင်ကပြန်တောင်းသောအခါဖြစ်စေ မိမိတို့လက်မှာ ပစ္စည်းတစုံတခုမျှ မရှိတော့ဘဲ ညှိုးငယ်စွာ ကြံမှိုင်၍နေရ၏။ ထို့အတူ ဤလောက၌ လူအများသည်လည်း ကုသိုလ်အကျိုးပေးသဖြင့် ကာမဂုဏ်တို့ကို ခံစားသုံးဆောင်ရသောအခါ ထာဝရအနေကဲ့သို့ ထင်မြင်၍နေ၏။ အကုသိုလ်ကံ ဖိစီးနှိပ်စက်သဖြင့် ကာမဂုဏ်များ ပျက်စီးသွားသောအခါဖြစ်စေ, သေလွန်သောအခါဖြစ်စေ လက်အချည်းနှီးသာကျန်ရှိ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အသီးနှင့်ပြည့်စုံသော သစ်ပင်နှင့်တူကုန်၏။ လူတယောက်သည် အသီးနှင့်ပြည့်စုံသော သစ်ပင်ကိုမြင်သော် သစ်ပင်ထက်သို့ တက်၍ ဝမ်းပြည့်အောင်လည်းစား, ပုဆိုးခါးပုံပြည့်အောင်လည်း ခူးယူလေ၏။ ထိုအချိန် ဒုတိယလူတယောက် ရောက်လာကာ ထိုသစ်ပင်ကြီးကိုတွေ့လျှင် သစ်ပင်ပေါ်သို့ မတက်တတ်သဖြင့် အသီးများရယူရန် သစ်ပင်ကို အရင်းမှ ခုတ်လှဲလေ၏။ ပထမလူသည် သစ်ပင်မလဲမီ အောက်သို့ မဆင်းနိုင်ခဲ့သော် ခြေလက်ကျိုးခြင်း, သေခြင်းဆင်းရဲသို့ ရောက်လေ

၏။ ထို့အတူ ကာမဂုဏ်တို့နှင့်ပြည့်စုံစွာ သုံးဆောင်နေသူကို အခြားလူတယောက် လာ၍ ထုနှက်ပစ်ခတ် လုယက်ယူငင်လျှင် သေသည့်တိုင်အောင် ဆင်းရဲအမျိုးမျိုးတွေ့ရ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ဓားသန်လျက်တို့ဖြင့် ခုတ်ဖြတ်ရာ စဉ်းတီးတုံးနှင့် တူကုန်၏။ စဉ်းတီးတုံးသည် သတ္တဝါတို့ကို သတ်ဖြတ်ရာ နုပ်နုပ်စဉ်းရာဖြစ်၏။ ထို့အတူ ကာမဂုဏ်တရားတို့သည်လည်း သာယာတပ်မက်သူတို့ကို ကာမတဏှာစသော ဓား သန်လျက်တို့ဖြင့် နုပ်နုပ်စဉ်းပြီးလျှင် ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ထက်လှစွာသော သန်လျက်သွား လှံသွားနှင့်တူကုန်၏။ ထက်လှစွာသော သန်လျက်သွား လှံသွားသည် ထိသမျှကို ရှရန စူးဝင်၍ ရန်သူစသည်ကို ထိုးသတ်ခုတ်ပိုင်းရန်သာဖြစ်၏။ ထို့အတူ ကာမဂုဏ်ငါးပါးတည်းဟူသော လှံသွားငါးစင်း သည် ကာမတဏှာကို မပယ်ခွါရသေးသော သတ္တဝါတို့ကို ငဲ့ညှာမှုမရှိဘဲ စူးဝင်ကာ ဒုက္ခပေးကြ၏။

အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အဆိပ်ပြင်းသည့်မြွေဆိုး၏ဦးခေါင်းနှင့်တူကုန်၏။ အဆိပ်ပြင်းသည့်မြွေဆိုး၏ဦးခေါင်းသည် မိမိထံမှောက် ထိရောက်လာသူတို့ကို ဘေးဒုက္ခ အမျိုးမျိုးပေးတတ်သကဲ့သို့ ထို့အတူ အာရုံငါးပါး ကာမတရားတို့သည် မိမိတို့ ထိမိကိုက်မိ သူတိုင်းအား ကိလေသာသွေးဆိုးကို ဖြစ်ပွားစေတတ်သည့် အဆိပ်တို့ဖြင့် ပြည့်နေသည့် အတွက် စက်ဆုပ်ဖွယ် ကြောက်လန့်ဖွယ်သာဖြစ်ကုန်၏။

**ကာမဂုဏ်လိုချင်၊ ပြည့်စုံလျှင်၊ ကြည်ရွှင်ဝမ်းမြောက်လေတော့သည်။**

**နှစ်သက်နေတုံး၊ ပျက်ဆုံးရှုံး၊ နှလုံးဖောက်ပြန်တတ်လေသည်။**

**မြွေရှောင်သည့်နှယ်၊ ကာမပယ်၊ ငြိတွယ် လွန်မြောက်လေတော့သည်။**

**ကာမဂုဏ်မှာ၊ မြွေပမာ၊ ကြောက်ကာ ရှောင်ကြဉ်နေသူသည်၊ လောဘပြတ်လတ်၊ တဏှာ ငတ်၊ ရှုမှတ်လွန်မြောက်နိုင်ပေသည်။**

**ကာမဂုဏ်တပ်မက်၊ နိုင်အထက် နှိပ်စက်ခံရလေတော့သည်။**

**လှေကွဲရေဝင်၊ ပုံအသွင်၊ အစဉ် ဒုက္ခလိုက်နေသည်။**

**သား–ရိုး နှစ်နည်း၊ မြက်မီးစည်း၊ မီးကျီး–အိပ်မက် တူပေသည်။**

**ငှားရန်း–သစ်သီး၊ ဓားစဉ်းတီး၊ တနည်း လှံတံကျင် တူပေသည်။**

**မြွေခေါင်း–မီးလျှံ၊ ဆယ့်တစ်တန်၊ တူဟန် ရှု၍ပယ်ရမည်။**

**ရှုမှတ်အစဉ်၊ ကာမကြည်၊ ရေလျဉ် လွန်မြောက်လေတော့သည်။**

**လှေမှ ရေပက်၊ ပေါ့ပါးလျက်၊ ဟိုဘက် နိဗ္ဗာန်ရောက်လေသည်။**

**"ရှုမှတ်ဖယ်ရှား ကာမဂုဏ်တရား"**

အာရုံငါးပါးကာမဂုဏ်တရားတို့သည် ပညာမျက်စိမရှိသူတို့အတွက် သာယာတပ်မက်ဖွယ် အမျိုးမျိုးထင်ရအောင် အပြင်ဘန်းက ဟန်ဆောင်ပြတတ်ကုန်၏၊ ထိုသို့ သာယာဖွယ် ယောင်ဖြစ်၍နေသော ကာမတရားတို့ကို စွဲလမ်းတပ်မက် သုံးဆောင် သိမ်းပိုက်ကြသော သူတို့သည် လောဘ, ဒေါသ, မောဟ–အစရှိသော အကုသိုလ်အဆိပ်များ တကိုယ်လုံးမွှန် တက်ပြီးလျှင် စိုးရိမ်ခြင်းအစရှိသော ဘေးဒုက္ခအမျိုးမျိုးတို့ဖြင့် တလွန့်လွန့်တလိမ်လိမ် ဆင်းရဲကာ အားကိုးရာမရသော သေခြင်းဖြင့် သေဆုံးရပြီး အပါယ်ဘုံသို့လားရောက် ရခြင်းအစရှိသော ဘေးဒုက္ခတို့နှင့်လည်း ရင်ဆိုင်တွေ့ကြုံရ၏။ ထို့ကြောင့်ငါးဖြာအာရုံ ကာမဂုဏ်တို့ကို ကိုးကွယ်ရာမထင် အပြစ်မြင်သော အာဒီနဝဉာဏ်ဖြင့် ရှုပြီး တပ်မက် ခြင်း ဆန္ဒရာဂကို ပယ်ရှားရန်ဟောတော်မူခြင်းဖြစ်၏။ ထိုအာဒီနဝဉာဏ်ဖြင့် ကောင်း ကောင်းကြီး အပြစ်မြင်လာလျှင် ရှုမိသောအာရုံနှင့် ရှုမှတ်မှုတို့၌လည်း မပျော်မမွေ့ ငြီးငွေ့ သော နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်လာ၏။ ငြီးငွေ့လာသောအခါ နာမ်ရုပ်သင်္ခါရတို့မှ အလွန် အမင်း လွတ်ကင်း ထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်ဖြစ်လာပြန်၏။ ထွက်

ပြောက်လိုသဖြင့် လွတ်မြောက်အောင် ထိုနာမ်ရုပ်နှစ်ပါးကိုပင် အနိစ္စစသော လေးဆယ်သော အခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ ရှုမြဲဆက်၍ရှုပြန်ရာ အနိစ္စ, ဒုက္ခ, အနတ္တအနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်ဖြစ်ပေါ်လာ၏။

## “သားတစ်ဆိုတာ နှစ်သက်တပ်စွဲသော ရာဂ”

ထို့နောက် ခန္ဓာတောင်ပို့ကို တူးဖော်ရာ မံသပေသိ = သားတစ်ကို တွေ့ရှိရပြန်၏။ မံသပေသိ = သားတစ်ဟူသည်ကား များစွာသော အသားစားသည့် သတ္တဝါတို့သည် တောင့်တအပ်ကုန်၏၊ မင်း အစရှိကုန်သော လူတို့သည်လည်း ထိုသားတစ်ကို တောင့်တကုန်၏၊ ခြင်္သေ့, ကျား, ကျီးအစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း တောင့်တကုန်၏၊ ဤသတ္တဝါတို့သည် မောဟ = အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေကုန်သည်ဖြစ်၍ နန္ဒီရာဂ၏ အာရုံအဖြစ်သို့ရောက်ကာ လှပသောအဆင်း, နှစ်လိုဖွယ်အသံ, မွှေးကြိုင်သောအနံ့, မြိန်ယှက်သော အရသာ, နူးညံ့သော အတွေ့အထိ, ဆန်းကြယ်သော စိတ်ကူးကြံစည်မှုတို့ဖြင့် သာယာနေကြလျှက် သံသရာဝဋ်ဆင်းရဲကို တိုးပွားစေကုန်၏။ နန္ဒီရာဂကို မစွန့်လွှတ်နိုင်လျှင် ဒါနသီလဘာဝနာကုသိုလ်များ အားမထုတ်နိုင်ပေ၊ တရားလည်းမနာနိုင်ပေ၊ တရားအားထုတ်ရန်ကား ပို၍ ဝေးနေ၏။

တနည်းအားဖြင့် သားတစ်သည် ထားရာအရပ်၌ ကပ်ငြိသကဲ့သို့ ဤအတူ သတ္တဝါတို့သည် နန္ဒီရာဂ၌ ကပ်ငြိကုန်သည်ဖြစ်၍ ကာမ, ရူပ, အရူပ– ဟူသော ဘုံသုံးပါး၌ ကပ်ငြိကုန်၏၊ ဆင်းရဲအမျိုးမျိုးသို့ရောက်ရသော်လည်း ဆင်းရဲဟု မထင်ကုန်။ “မြင်–ကြား–ရောက်တယ်၊ သိတာရယ်၊ ချစ်ဖွယ်လေးမျိုးမှာ၊ လိုလားနှစ်ခြိုက်၊ ပယ်ဖျောက်လိုက်၊ အမြိုက်နိဗ္ဗာန်ပါ။”ဟူသော တရားအားထုတ်နည်းအတိုင်း အာရုံခြောက်ပါး၌ ကပ်ငြိတတ်သော နန္ဒီရာဂကို မြင်တိုင်း, ကြားတိုင်း–စသည်ကို ရှုမှတ် ပေးခြင်းဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့်ရင့်ကျက်လာပြီး အလွန်ပြင်းထန်သော လုံ့လကိုလည်း မပြု၊ နာမ်ရုပ်သင်္ခါရတို့၌ ကြောက်လန့်ခြင်း, နှစ်သက်ခြင်း နှစ်ပါးကိုလည်း ပယ်စွန့်၍ သိရုံ သိရုံသာ အညီ

အမျှ ရှုသော သင်္ခါရုပေက္ခာဉာဏ်ရောက်သော် အားထုတ်ခါစကဲ့သို့ အာရုံပေါ်အောင် လည်း ကြောင့်ကြစိုက်ရန် မလို၊ မှတ်သိမှု ဖြစ်အောင်လည်း ကြောင့်ကြစိုက်ရန် မလိုဘဲ အမှတ် အသိများသည် စဉ်တန်းလျက် ဆယ်မိနစ်, ဆယ့်ငါး မိနစ်, တစ်နာရီ, နှစ်နာရီ စသည်ဖြင့် တစဉ်တတန်းတည်း ရှုမှတ်လာနိုင်၏။ ညောင်းကိုက်ခြင်း, ပင်ပန်းခြင်းမရှိဘဲ ကိုယ်ရောစိတ်ပါ ကြည်လင်ပေါ့ပါး လန်းဆန်းလျက် တရားထိုင်ရသော အရသာကို သဘောကျနေတတ်၏၊ ထိုသို့ သဘောကျနေသည့် သိမ်မွေ့သော နန္ဒီရာဂကိုလည်း ရှုမှတ်ပေးရ၏။ ထိုမှတဆင့် ဆက်လက်ရှုမှတ်ကာ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာ၏။ ဤနည်းဖြင့် သားတစ်နှင့် တူသော နန္ဒီရာဂကို အရဟတ္တမဂ်ဖြင့် ပယ်ရှားရန် ဟောတော်မူ၏။

## "နဂါးဆိုတာ အာသဝေါကင်းကွာ ရဟန္တာ"

နောက်ဆုံးတွင် ခန္ဓာတောင်ပို့ထဲမှ နဂါးကို တွေ့ရှိရ၏။ ဤနေရာ၌ ဆန္ဒ, ဒေါသ, ဘယ, မောဟ ဤလေးပါးတို့ဖြင့် အဂတိ(=မလိုက်ပါသင့်သည်)သို့ မလိုက်တတ်ကြသော ကြောင့်၎င်း, ထိုထိုမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့သို့ နောက်ထပ်တဖန် မလာ ရောက်ကြသောကြောင့်၎င်း, အထူးထူး အထွေထွေသော မကောင်းမှုကို မပြုတတ်သော ကြောင့်၎င်း ရဟန္တာအရှင်မြတ်တို့ကို နဂါးဟု တင်စားကာ ဆိုအပ်၏။

'နဂါးအား ရှိခိုးပါ'ဟူသည်ကား "လောကသုံးပါး၏ကိုးစားရာဖြစ်တော်မူသော ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထွတ်ထား မြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရား ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသည်ဖြစ်၍ ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း သိစေကြခြင်းငှာ၎င်း, ဣန္ဒြေခြောက်ပါး တရားငြိမ့်လေး ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍ ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူ မယွင်း ယဉ်ကျေးကြစေခြင်းငှာ၎င်း, ကိလေသာဟူ အပူကင်းဝေး ကိုယ်တော်တိုင် အေးချမ်းတော်မူပြီးဖြစ်၍ ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း အေးချမ်းကြ

စေခြင်းငှာငှင်း, သံသရာနက်ဝှမ်း ဃယက်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် တဖက်ကမ်းရောက်ပြီးသည်ဖြစ်၍သာလျှင် ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်းငှာငှင်း, ကိလေသာပရိနိဗ္ဗာန် လေးကြိမ်တိုင် အောင်ပွဲခံသဖြင့် မကျန် ပူဘေး ကိုယ်တော်တိုင် ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍ ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း ငြိမ်းအေးကြစေခြင်းငှာငှင်း, အလင်း ထိန်လက် တရားစက်ကို လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူ အားလျှင် ဟောကြားတော်မူခဲ့လေပြီ။ လောကသုံးပါး၏ကိုးစားရာဖြစ်တော်မူသော ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထွတ်ထား ထိုမြတ်စွာဘုရားကို ကိုယ်, နှုတ်, နှလုံး သုံးပါးပျောင်းပျော့ မာန်ကို လျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးပါ၏ ဘုရား"ဟူ၍ ရှိခိုးမှုကို ပြုပါဟုဆိုလို၏။

**(၁) တောင်ပို့ဆိုတာ ဘယ်ဟာလဲ ... ဤရုပ်ကိုယ်ကြီးပဲ။**

**(၂) မီးခိုးဆိုတာ ဘယ်ဟာလဲ ... ညမှာကြံတွေးနေတာပဲ။**

**(၃) မီးလျှံဆိုတာ ဘယ်ဟာလဲ ... နေ့ခင်းကျတော့ ပြုတာပဲ။**

**(၄) ဆရာဆိုတာ ဘယ်သူလဲ ... ငါတို့မြတ်စွာဘုရားပဲ။**

**(၅) တပည့်ဆိုတာ ဘယ်သူလဲ ... ရှုမှတ်နေတဲ့ ယောဂီပဲ။**

**(၆) ပေါက်တူးဆိုတာ ဘယ်ဟာလဲ ... မှတ်သိနေတဲ့ ပညာပဲ။**

**(၇) တူးတယ်ဆိုတာ ဘယ်ဟာလဲ ... ကြောင့်ကြစိုက်တဲ့ လုံ့လပဲ။**

**(၈) မင်းတုပ်ဆိုတာ ဘယ်ဟာလဲ ... ရှုမှတ်နည်းကို မသိတာပဲ။**

**(၉) ဖားပြုပ်ဆိုတာ ဘယ်ဟာလဲ ... စိတ်ဆိုးတတ်တဲ့ ဒေါသပဲ။**

**(၁၀) လမ်းခွဆိုတာ ဘယ်ဟာလဲ … ဝေဖန်စဉ်းစား ယုံမှားပဲ။**

**(၁၁) ရေစစ်ဆိုတာ ဘယ်ဟာလဲ … နီဝရဏငါးပါးတရားပဲ။**

**(၁၂) လိပ်ညှစ်ဆိုတာ ဘယ်ဟာလဲ … ခန္ဓာငါးပါးတရားပဲ။**

**(၁၃) စဉ်းတီးဆိုတာ ဘယ်ဟာလဲ … ငါးပါးအာရုံ ကာမဂုဏ်ပဲ။**

**(၁၄) သားတစ်ဆိုတာ ဘယ်ဟာလဲ … နှစ်သက်တပ်စွဲ ရာဂပဲ။**

**(၁၅) နဂါးဆိုတာ ဘယ်ဟာလဲ … အာသဝေါကင်းကွာ ရဟန္တာပဲ။**

ဤဝမ္မိကသုတ္တန်သည် အရှင်ကုမာရကဿပမထေရ်၏ ဝိပဿနာလုပ်ငန်းကြိုးပမ်းအား ထုတ်ရာ ကမ္မဋ္ဌာန်းဖြစ်လေ၏၊ သို့ဖြစ်ရကား အရှင်ကုမာရကဿပမထေရ်သည် မြတ်စွာ ဘုရား ဟောတော်မူသည့်အတိုင်း သင်ကြားနာယူပြီးလျှင် အန္ဓဝန်တောအုပ်သို့ပင် ကြွ တော်မူ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းတော်မူ၍ မကြာမီပင် အရဟတ္တဖိုလ်သို့ရောက်ကာ ရဟန္တာဖြစ်တော်မူလေ၏။

**“အရှိ ရုပ်နာမ်၊ သိနေဟန်၊ အမှန် ဝိပဿနာ။**

**အဖြစ်မြင်မှ၊ ဥစ္ဆေဒ၊ ပြတ်စဲ အယူ ကင်းစင်ကွာ။**

**အပျက်မြင်မှ၊ သဿတ၊ တည်မြဲ အယူ ကင်းစင်ကွာ။**

**ပညတ်ကိုရှင်း၊ ပရမတ်သွင်း၊ ကြောင်းရင်း ဖော်ထုတ်ပါ၊**

**ယထာဘူတံ၊ ပညာဉာဏ်၊ အမှန်လုံလောက်တာ။”**